# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၅၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်**

**(၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ သုမင်္ဂလာ အပေါင်းနှင့်ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၅၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါမယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၅ ရက်၊

(၂) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၃) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

**မူကြမ်း**

(၄) ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် ခွင့် ၅ ရက်၊

(၅) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၁ ရက်၊

(၆) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၁ ရက်၊

(၇) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၈) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် ခွင့် ၁ ရက်၊

(၉) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းမှုခေါင်လွင် ခွင့် ၂ ရက်၊

(၁၀) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၁ ရက်၊

(၁၁) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၂ ရက်၊

(၁၂) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း ခွင့် ၁ ရက်၊

(၁၃) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၁ ရက်၊

(၁၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်၊

(၁၅) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၁၆) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၁၇) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၂ ရက်၊

(၁၈) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊

(၁၉) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၂၀) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၂၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၂၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်မြင့် ခွင့် ၅ ရက်၊

(၂၃) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြတ်ကို ခွင့် ၅ ရက်၊

(၂၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတက်ထွန်း ခွင့် ၅ ရက်၊

(၂၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း ခွင့် ၅ ရက်၊

(၂၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထွန်းတောက် ခွင့် ၅ ရက်၊

(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင် ခွင့် ၄ ရက်၊

(၂၈) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်၊

(၂၉) ဇေယျာသီရိမဲဆန္ဒနယ်မှ သူရဦးရွှေမန်း ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၀) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၃၁) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း အစည်းအဝေးပြီးဆုံးသည်ထိ၊

(၃၂) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၁ ရက်၊

(၃၃) လောင်းလုံးမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၃၄) လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း ခွင့် ၁ ရက်၊

(၃၅) မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ ခွင့် ၅ ရက်၊

(၃၆) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၅ ရက်၊

(၃၇) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၅ ရက်၊

(၃၈) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၃ ရက်၊

(၃၉) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊

(၄၀) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၁ ရက်၊

(၄၁) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၄၂) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၁ ရက်၊

(၄၃) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၄ ရက်နှင့်

(၄၄) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်တို့ ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံတော်အတွင်း ခေတ်အဆက်ဆက်တည်ထောင်ထားခဲ့သောဆည်များ နှစ်ရှည်လများ တည်တံ့ခိုင်မြဲရေးအတွက် ရေဝေရေလဲသစ်တောများ ပြုန်းတီးမှုကာကွယ်ပေးရန်နှင့် အစဉ်ထာဝရကောင်းမွန်နေစေရန် မည်သည့်အစီအမံများဖြင့် စီမံဆောင်ရွက်ထားခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးစွာ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အတွင်းခေတ်အဆက်ဆက် တည်ဆောက်ပြီးခဲ့သော ဆည်ကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေဝေရေလဲသစ်တောကြီးများ ပြုန်းတီးခြင်းမှ ကာကွယ်ရန်နှင့် အစဉ်ထာဝရကောင်းမွန်ရန် မည်သည့်အစီအစဉ်များဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းအပ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက်နိုင်ငံတော်အတွက် ဆည်ကြီးများ တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်၍ စိုက်ပျိုးရေးအတွက် အထောက်အကူဖြစ်နေကြောင်း မျက်မြင်ကိုယ်တွေ့ ပြည်သူများခံစားနေရပါတယ်။ ဆည်များရေရှည် တည်တံ့ခိုင်မြဲစေရန် ရေဝပ်ဧရိယာနှင့် ရေလှောင်ပမာဏ မလျော့ပါးရေး အထူးသတိပြုရန်လိုအပ်ပါတယ်။ ဆည်များ၏ ရေဝပ်ရေလဲများတွင် သစ်ပင်များ များများရှိရန်လိုအပ်သောကြောင့် သစ်တောများ၊ သဘာဝတောများ၊ စိုက်ခင်းများထူထောင်ပေးရန်လိုအပ်ပြီး ရေဝေရေလဲဧရိယာများတွင် သဘာဝ

အတိုင်းရှိနေစေ၍ အထူးအလေးထား ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ပါတယ်။ ယခုအခါ ဆည်များစု၏ ရေဝေရေလဲဧရိယာများတွင် သစ်တောသစ်ပင်များနည်းပါးခြင်း၊ နီးစပ်သောဧရိယာများတွင် ထွန်ယက်စိုက်ပျိုးခြင်းများချဲ့ထွင်လာကြသဖြင့် မိုးတွင်းရေစီးနှင့်အတူ သက်ဆိုင်ရာဆည်များအတွင်းသို့ သစ်တောသစ်ပင်များနည်းပါးမှုကြောင့် နုန်းမြေများဝင်ရောက်နေကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဥပမာ-သာဓကအားဖြင့် ကျွန်တော်တို့ ရမည်းသင်းဟာ ချောက်သွေ့သော မိုးခေါင်ရေရှားဒေသဖြစ်တဲ့အတွက် စိမ်းလန်းစိုပြေစေရန် ဒေသနေပြည်သူများ စိုက်ပျိုးရေ၊ သောက်သုံးရေဖူလုံရန်ရည်ရွယ်၍ သစ်ဆုံဆည်ကိုတည်ထောင်ပေးခဲ့ပါတယ်။ သစ်ဆုံဆည်ဟာ မြေသားတမံအမျိုးအစားဖြစ်ပြီး သစ်ဆုံချောင်းကိုပိတ်ပြီး ၁၉၆၀-၁၉၆၁ က တည်ဆောက်ပြီးစီးခဲ့သည့် ဆည်တစ်ခုဖြစ်ပါတယ်။ ရမည်းသင်းခရိုင်အတွင်းရှိ လယ်မြေဧက ၂၀၇၀၈ ဧကကို ရေပေးဝေစိုက်ပျိုးရန် တည်ဆောက်ထားသောဆည်တစ်ခုဖြစ်ပါတယ်။ ယခုအခါ သဲနုန်းမြေများရှိလာသဖြင့် နှစ်ကြာလာသဖြင့် ရေလှောင်ပမာဏ တဖြည်းဖြည်းလျော့နည်းလာမည်ဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ တိုင်းတာချက်အရ ရရှိသော Capacity နှင့် ယခင် Capacity နှိုင်းယှဉ်ပါက ဆည်များအတွင်းနှစ်ရှည်လာသည်နှင့်အမျှ ရေလှောင်ပမာဏလျော့နည်းလာကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဆည်များရေလှောင်ပမာဏလျော့ခြင်းရဲ့ အဓိကအကြောင်းအရင်းမှာ သစ်တောပြုန်းတီးမှုကြောင့်ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အတွင်း ခေတ်အဆက်ဆက်တည်ထောင်ထားခဲ့သောဆည်များ နှစ်ရှည်လများတည်တံ့ခိုင်မြဲရေးအတွက် ရေဝေရေလဲသစ်တောများ ပြုန်းတီးခြင်းမှကာကွယ်ပေးရန်နှင့် နိုင်ငံတော်အနေဖြင့် တန်ဖိုးကြီးမားသော ဆည်များရေရှည်တည်တံ့ခိုင်မြဲစေပြီး အစဉ်ထာဝရကောင်းမွန်စေရန် မည်သို့သောအစီအမံများဖြင့် စီမံဆောင်ရွက်ထားရှိနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဦးဘိုနီရဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ဖြေရှင်းတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ရေချိုသယံဇာတပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်ပြီး၊ နိုင်ငံအတွင်း အဓိကမြစ်ကြီး (၄) သွယ်၊ မြစ်ငယ်ပေါင်း ၃၀ ကျော်နှင့် သဘာဝရေချိုရေကန်ပေါင်းများစွာ တည်ရှိရာအစိုးရအဆက် ဆက်တည်ဆောက်ခဲ့တဲ့ ဆည်နှင့် ရေလှောင်တမံ စုစုပေါင်း ၂၈၀ အထိတည်ရှိနေပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် စိုက်ပျိုးရေစဉ်ဆက်မပြတ်ရရှိရေး အလွန်အရေးကြီးလှပါတယ်။ ဒီအပြင် ယနေ့ စွမ်းအင်ကဏ္ဍမှာ လိုအပ်လျက်ရှိတဲ့ ရေအားလျှပ်စစ်ထုတ်လုပ်ရာ ရေလှောင်တမံကြီးများမှာလည်း တစ်နှစ်ပတ်လုံး လုံလောက်တဲ့ ရေပမာဏစီးဝင်ရန်နဲ့ ထိန်းသိမ်းထားနိုင်ရန်လည်း လိုအပ်ပါတယ်။ ဒီလိုလိုအပ်ချက် တွေကို ဖြည့်ဆည်းနိုင်ဖို့ဆိုတာဟာ ကျွန်တော်တို့ ရေဝေရေလဲဒေသတွေမှာ သစ်တောသစ်ပင်တွေနဲ့ သဘာဝတည်ရှိမှုတွေဟာ စဉ်ဆက်မပြတ် ရေရှည်တည်တံ့နေမှသာ ရရှိနိုင်မှာ ဖြစ်ပါတယ်။

ရေဝေရေလဲသစ်တောများတည်ရှိခြင်းဖြင့် ရေစီးဆင်းမှုကို ထိန်းညှိပေးခြင်း(Water Flow Regulation)၊ အညစ်အကြေးများသန့်စင်ပေးခြင်း(Water Purification)၊ မြေဆီလွှာတိုက်စားမှုမှ ကာကွယ်ခြင်း(Erosion Control)နှင့်ရေကြီးရေလျှံမှုအန္တရာယ်မှ ကာကွယ်ပေးခြင်းစတဲ့ အကျိုး ကျေးဇူးများကိုလည်း ရရှိနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ရေ၊ မြေ၊ တောရိုင်း တိရစ္ဆာန် နှင့်ဇီဝမျိုးစုံမျိုးကွဲများကာကွယ်ခြင်း၊ ထာဝစဉ်တည်တံ့စေခြင်း၊ ပြည်သူလူထုရဲ့ အခြေခံ စားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေခြင်း၊ ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်လာစေခြင်း၊ ပြည်သူလူထုအတွင်း နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးနဲ့ သစ်တောများအရေးပါမှုကို နိုးကြားတက်ကြွစွာ အသိဉာဏ်ရှင်သန်နေစေခြင်းစတဲ့ ကျွန်တော်တို့ရဲ့ မြန်မာ့သစ်တောမူဝါဒ ပဓာန (၆) ရပ်နှင့်အညီ နှစ် ၃၀ သစ်တောကဏ္ဍပင်မစီမံကိန်း ကိုအခြေခံလျက် ၁၀ နှစ်အလိုက် ခရိုင်အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများကို ရေးဆွဲအကောင်အထည် ဖော်လျက်ရှိပါတယ်။ ဒီခရိုင်အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများထဲမှာ အလုပ်တိုက်နယ်များအစုအဖွဲ့ထား

ရှိပြီး အဲဒီအလုပ်တိုက်နယ်များထဲမှာ ရေဝေရေလဲအလုပ်တိုက်နယ်ဟာ အဓိကအသက်သွေးကြော ပမာအမြဲတမ်းပါရှိနေတာဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီရေဝေရေလဲနဲ့ပတ်သက်လို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အလေးထားပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်ကနေစတင်ပြီး နိုင်ငံတော်အတွင်းမှာရှိတဲ့ အရေးကြီး ရေဝေရေလဲဒေသတွေကို ပိုမိုထိရောက်စွာနဲ့ စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်စေရန်အလို့ငှာ ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာနတစ်ခုကို ထူထောင်ခဲ့ပါတယ်။ ဆည်/ရေလှောင်တမံများ၊ ရေဝေ ရေလဲဒေသများကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ရန်အတွက် ၂၀၀၁ ခုနှစ်ကနေ ၂၀၃၀ ခုနှစ်အထိ ရေးဆွဲခဲ့တဲ့ အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်းမှာ ရေဝေရေလဲများကို စနစ်တကျ စီမံကိန်းများ ရေးဆွဲပြီးတော့ ချမှတ်ခဲ့ပါတယ်။ ယခုအချိန်ဟာ တတိယငါးနှစ် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပဲခူးရိုးမစိမ်းလန်းစိုပြေရေး၊ အင်းလေးကန်ရေရှည်တည်တံ့ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ငါးနှစ်စီမံချက်ရေးဆွဲပြီး အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ နိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ ရေဝေ ရေလဲဧရိယာတွေမှာ သစ်တောစိုက်ခင်း ၄၅၁၂၁၁ ဧက၊ သဘာဝတောပြုစုထိန်းသိမ်းခြင်း ၅၁၆၆၅.၃ ဧက ထိန်းသိမ်းစိုက်ပျိုးထူထောင်ခဲ့ပါတယ်။ ရမည်းသင်းခရိုင်အတွင်းမှာရှိတဲ့ သစ်ဆုံဆည်ရဲ့ ရေဝေ ရေလဲဧရိယာဟာ ပဲခူးရိုးမစိမ်းလန်းစိုပြေရေးစီမံကိန်းဧရိယာမှာ ပါရှိပြီးတော့မှ ၇၆၈၀၀ ဧက ကျယ်ဝန်းပါတယ်။ ရမည်းသင်းခရိုင်းအတွင်းမှာ ဆည်နှင့်ချောင်းများရဲ့ ရေဝေရေလဲဧရိယာအားလုံး ပေါင်းဟာ တစ်သိန်းကျော်တည်ရှိပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ အပူပိုင်းဒေသစိမ်းလန်းစိုပြေ ရေးဦးစီးဌာနနဲ့ပူးပေါင်းကာ ရေဝေရေလဲစိုက်ခင်းများ ပြန်လည်ထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းများ ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ သစ်ဆုံဆည်ရဲ့ ရေဝေရေလဲ ဧရိယာအတွင်းမှာ စိုက်ခင်းဧက ၄၇၂၀၊ သဘာဝတောထိန်းသိမ်းပြုစုခြင်းဧက ၆၈၀၀၀ ကို ဆောင်ရွက်ခဲ့ပါတယ်။

ဆက်လက်ပြီး စီမံကိန်းလျာထားချက်များနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရေဝေရေလဲ စိုက်ခင်းများ ထူထောင်ခြင်းလုပ်ငန်းဟာ ရန်ပုံငွေကန့်သတ်ချက်ဖြင့် ဆောင်ရွက်ရတဲ့အတွက် ရေဝေ ရေလဲကို ထိန်းသိမ်းခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးကိုခံစားကြတဲ့ ရေအားလျှပ်စစ်၊ ထိုနည်းတူပဲ ကျွန်တော်တို့ ဆည်ရေသောက်ဆည်မြောင်းတာတမံများ ဒီလိုပါဝင်ပတ်သက်တဲ့ အကျိုးခံစားခွင့်ရှိတဲ့

ဝန်ကြီးဌာနတွေ၊ ထို့အတူပဲ ဒေသခံပြည်သူတွေက ရေဝေရေလဲ ထိန်းသိမ်းခြင်းလုပ်ငန်းဟာ အသက်သွေးကြောတမျှ အရေးကြီးတယ်ဆိုတာကို ခံယူပြီးပူးပေါင်းပါဝင်ဆောင်ရွက်လာရင်ဖြင့် ပိုမိုပြီးတော့မှ ယခုထက်ထိရောက်အောင်မြင်မှာ ဖြစ်ပါတယ်။ ဒီ့အပြင် မြေအသုံးချမှုဆိုင်ရာကိစ္စရပ်များ ဖြစ်ပါတယ်။ ကျွန်တော်တို့ ယနေ့ကြုံတွေ့နေရတာဟာ မြေအသုံးချမှုဆိုင်ရာ ဖြစ်ပါတယ်။ မြေအသုံးချမှုမူဝါဒ စနစ်တကျမရှိခဲ့သလို ယနေ့ကျွန်တော်တို့လည်း စီစဉ်ရေးဆွဲလျက်ရှိပါတယ်။ ဒီနေရာမှာ ရေဝဲရေလဲ ဒေသတွေမှာ ဆောင်ရွက်မယ့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ၊ ဒေသဖွံ့ဖြိုးရေးတွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစသဖြင့် ဒီလိုလုပ်ငန်းစဉ်တွေအားလုံးဟာ အဓိကနဲ့သာမည စဉ်းစားဝေဖန်သုံးသပ်ပြီး ပူးပေါင်းဆောင်ရွက်မှာသာလျှင် အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ရေဝေရေလဲများထိန်းသိမ်းရေးလုပ်ငန်းကိုလည်း ကျွန်တော်တို့ ဝန်ကြီးဌာနတစ်ခုတည်းတင်မက နိုင်ငံတကာအဖွဲ့အစည်းများနဲ့လည်းစဉ်ဆက်မပြတ် ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာအားဖြင့် အင်းလေးကန်ရေဝေရေလဲဒေသ ထိန်းသိမ်းရေးလုပ်ငန်းတစ်ရပ်အနေနဲ့ အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (ICIMOD)၊ ထို့အတူပဲ (AFoCo) အာဆီယံ-ကိုရီးယားသစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်နဲ့ အင်းလေးကန်ရေဝေရေလဲဒေသတွေမှာ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

ရေဝေရေလဲဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုတာ သဘာဝသယံဇာတအရင်းအမြစ်များကို စီမံအုပ်ချုပ်ရာမှာ အဓိကကျတဲ့ရေဝေရေလဲဆိုင်ရာကိစ္စများကို အထူးအလေးထားဆောင်ရွက်တဲ့လုပ်ငန်းစဉ်များ ဖြစ်ပါတယ်။ ရေဝေရေလဲဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းအတွက် ဌာနမှ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့လုပ်ငန်းတွေဟာ မြေဆီလွှာတိုက်စားမှု မဖြစ်စေတဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနည်းပါးသော ထွန်ယက်စိုက်ပျိုးနည်းစနစ်များကို ပညာပေးသရုပ်ပြခြင်း၊ သစ်တောပြုန်းတီးသောနေရာများမှာ ပြန်လည်အစားထိုး စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ စနစ်တကျပြုစုထိန်းသိမ်းခြင်း၊ စားကျက်ချခြင်းကို အလွန်အကျွံမဖြစ်စေရန် ထိန်းချုပ်ပြီး စားကျက်မြေဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း၊ မှန်ကန်သော မြေအသုံးချမှုစနစ်များ ဖော်ဆောင်ကျင့်သုံးခြင်း၊ ဒေသခံပြည်သူများ သဘာဝသယံဇာတအပေါ် အလွန်အကျွံ မှီခိုအားထားနေခြင်းမှ အခြားဝင်ငွေရရှိစေသည့်လုပ်ငန်းများ ဖော်ဆောင်ပေးခြင်း၊ ထင်းအစားထိုးလောင်စာသုံးစွဲစေခြင်းနဲ့ စွမ်းအားမြင့်

မီးဖိုဖြန့်ဝေပေးခြင်းစတဲ့ လုပ်ငန်းစဉ်များကို ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့် ဒေသခံပြည်သူများနဲ့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံအတွင်းမှာရှိတည်ရှိတဲ့ ဆည်၊ ရေလှောင်တမံများ၊ ရေရှည်တည်တံ့ရေး၊ မြစ်၊ ချောင်း၊ အင်းအိုင်များရဲ့ ရေဝေရေလဲသစ်တောများ ထိန်သိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်ဟာ သားစဉ်မြေးဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနတွင်သာမက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ပါဝင်ပတ်သက်အကျိုးခံစားသူများ၊ ရေဝေရေလဲဒေသမှာ နေထိုင်ကြတဲ့ပြည်သူများအားလုံးက ယခုထက်ပိုမိုပူးပေါင်းဆောင်ရွက်သွားရင် ပိုမိုပြီးတော့ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**မယ်စဲ့မြို့ပေါ်အပြင် ပတ်ဝန်းကျင်ကျေးရွာများကို သစ်တောမြေအဖြစ်မှ မြို့မြေ၊ ရွာမြေအဖြစ်သို့ လည်းကောင်း မြေကြီးနှင့် မြေပုံကွဲလွဲနေသော ရွာအချို့အား ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်းကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မယ်စဲ့မဲဆန္ဒနယ်၊ ဦးကျော်ခိုင်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ်တဲ့မေးခွန်းအချို့ကို မေးမြန်းသွားမှာဖြစ်ပါတယ်။ မယ်စဲ့မြို့နယ်က ၁၉၉၀ ခုနှစ်မှာ မြို့နယ်အဖြစ် စတင်သတ်မှတ်ခဲ့ပါတယ်။ သို့သော်လည်းပဲ ဒီနေ့အထိဆိုရင် မယ်စဲ့မြို့ပေါ်မှာရှိတဲ့ ရပ်ကွက်/ကျေးရွာတွေအားလုံးဟာ သစ်တောကြိုဝိုင်း၊ ကြိုးပြင်ကာကွယ်တောဧရိယာအထဲမှာ ကျရောက်နေတဲ့အတွက်ကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးကနေ လုပ်ထုံးလုပ်နည်းများအတိုင်း တင်ပြခဲ့တဲ့နေရာမှာ ကနဦးဧက ၆၆၀ မှ ဧက ၂၁၀ ကိုသာ ဖြေလျှော့ပြီး မြို့မြေအဖြစ် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ မယ်စဲ့မြို့နယ်ဟာ မကြာခင်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် ဖွင့်လှစ်ရန်အကောင်အထည်ဖော်ဆောင်ရွက်တာကို တစ်နေ့တခြားများပြားလာတဲ့လူဦးရေအတွက် နေထိုင်ရန်မြေနေရာတွေ စနစ်တကျတိုးချဲ့သတ်မှတ်ပေးရန် ခက်ခဲလျက်ရှိပါတယ်။ ဒေသခံတွေဟာလည်း မိမိပိုင်ယာခင်းတွေ၊ မြေဧရိယာအချို့တွေမှာ လွယ်ကူစွာရရှိနိုင်တဲ့ သစ်ဝါးတွေနဲ့ တိုးချဲ့နေထိုင်ကြပေမယ့်လို့လည်း တိုက်တာအဆောက်အအုံ

ခိုင်ခိုင်ခံ့ခံ့ မဆောက်ရဲကြပါဘူးခင်ဗျား။ သို့ဖြစ်ပါ၍ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ မယ်စဲ့မြို့ပေါ်အပြင် ပတ်ဝန်းကျင်ကျေးရွာတွေကို သစ်တောမြေ ကြိုးပြင်ကာကွယ်တောအဖြစ်မှ မြို့မြေ၊ ရွာမြေအဖြစ် မည်သည့်အချိန်မှာ ဖြေလျှော့သတ်မှတ်ပေးနိုင်ပါမည်လဲ။ မြေကြီးနှင့် မြေပုံကွဲလွဲနေတဲ့ ရွာအချို့အား ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်းကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**။ ။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ မယ်စဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခိုင်ဝင်းရဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ဖြေရှင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၄ ရက် ရက်စွဲပါ စာအမှတ်နှင့် မယ်စဲ့မြို့နဲ့ ကျေးရွာအုပ်စုများကို ဖာဆောင်းမြို့နယ်မှ ခွဲထွက်ပြီး မယ်စဲ့မြို့နယ်အဖြစ်နဲ့ ဖွဲ့စည်းခဲ့ပါတယ်။ မယ်စဲ့မြို့အပါအဝင် ပတ်ဝန်းကျင်ကျေးရွာအုပ်စုများဟာ နန့်ပိန်းလိန်ကြိုးပြင်ကာကွယ်တောနဲ့ အရှေ့သံလွင်(၂) ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်လျက်ရှိပါတယ်။ နန့်ပိန်းလိန်ကြိုးပြင်ကာကွယ်တောကို ကျွန်တော်တို့ဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဧရိယာ ဧက ၈၃၂၀၀ ဖြင့်လည်းကောင်း၊ အရှေ့သံလွင်(၂) ကြိုးပြင်ကာကွယ်တောကို ၅၁၄၃၀၄ ဧကဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပါတယ်။

နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် ရက်စွဲပါစာအမှတ်၊ ၁၃(၁)/၇/ သမ္မတရုံးဖြင့် မြို့ပြကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထုစားဝတ်နေရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ထိရောက်စွာဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအတွင်းမှ နှစ်ကာလအတိုင်းအတာတစ်ခုအထိ အခြေချနေထိုင်ခဲ့တဲ့ ရွာစု၊ အိမ်စုများကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးလျက်ရှိပါတယ်။ ဒီလိုပယ်ဖျက်ပေးတဲ့အခါမှာ တစ်တိုင်းပြည်လုံး ကောက်ယူရရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်းမှ ကျေးရွာပေါင်း ၂၈၀၇ ရွာ ရွာမြေ၊ လယ်မြေ၊ သာသနာနှင့်အများပိုင်မြေ စုစုပေါင်း ၅၀၈၀၁၈.၅၅ ဧကကို အဆင့်ဆင့်ပယ်ဖျက်ပေးပြီး ဖြစ်ပါတယ်။ ယာမြေများကိုတော့ သစ်တောမြေများ ပယ်ဖျက်ခြင်း

မပြုဘဲ သီးနှံသစ်တောရောနှောစိုက်ပျိုးတဲ့စနစ်ကို အခြေခံတဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ ခွင့်ပြုပေးလျက်ရှိပါတယ်။

နမ့်ပိန်းလိန်နှင့် အရှေ့သံလွင်(၂) ကြိုးပြင်ကာကွယ်တောများအတွင်း အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးဝန်ကြီးဌာနအမည်ပေါက် နန့်ဟူး၊ ဟိုဂျစ်၊ မယ်စဲ့၊ နန့်မန်း၊ ဝမ်ကန်၊ ပန်တိန်း၊ ဟိုစဲ၊ မယ်စဲ့နန်၊ နမ့်ပိန်းလိန်၊ ကျောက်စုမြို့နဲ့ ရွာမြေ ၂၄၈.၁၂ ဧက၊ လယ်မြေ ၇၄၀.၈၂ ဧက၊ သာသနာနှင့် အများပိုင်မြေ ၁၃၄၂.၄၁ ဧက၊ ယာမြေ ၁၅၁၀.၅၀ ဧက၊ ဥယျာဉ်ခြံမြေ ၁၂၄.၈၉ ဧက စုစုပေါင်းဧရိယာ ၃၉၆၆.၇၄ ဧက ပါဝင်ပါတယ်။ ရွာမြေ၊ လယ်မြေ၊ သာသနာနှင့်အများပိုင်မြေ ၂၃၃၁.၃၅ ဧကကို ကျွန်တော်တို့ဝန်ကြီးဌာနက ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် အမိန့်ကြော်ငြာစာအမှတ် (၃၀၄/၂၀၁၃) ဖြင့်လည်းကောင်း သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ ယာမြေ ၁၅၁၀.၅၀ ဧကကို သစ်တောမြေမှ စွန့်လွှတ်ခြင်းမပြုဘဲ အခုနက ကျွန်တော် တင်ပြခဲ့တဲ့ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဥယျာဉ်ခြံမြေများကိုတော့ နှစ်ရှည်ငှားရမ်းတဲ့စနစ်နဲ့ ခွင့်ပြုပေးမယ်ဆိုတာ ယခင်လည်း ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ မြေကြီး၊ မြေပုံမှန်ကန်ရေးနှင့်ပတ်သက်လို့လည်း သက်ဆိုင်ရာလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးတိုင်မြေစာရင်းဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် နမ့်ပိန်းလိန်နှင့် သံလွင်အရှေ့ခြမ်း(၂) ကြိုးပြင်ကာကွယ်တောအတွင်းရှိ အိမ်ခြေ ၅၀ အောက် ပြည်ထဲရေးအမည်ပေါက်ရွာများဖြစ်တဲ့ ဟွေပါလန်၊ လယ်တောနဲ့ လမ်းဆုံရွာများရဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာမြေ၊ အများပိုင်မြေ စုစုပေါင်း ၁၀၇.၃ ဧကကို ပယ်ဖျက်ပေးပြီးဖြစ်ပါတယ်။ အိမ်ခြေ ၅၀ အောက် ပြည်ထဲရေးအမည်မပေါက်သော်လည်း အခိုင်အမာတည်ဆောက်ထားတဲ့ ပံမခေ၊ ဟိုဖ၊ တောင်လှ ကျေးရွာများမှ လယ်မြေ၊ လယ်မြေ၊ သာသနာ၊ အများပိုင်မြေ စုစုပေါင်း၃၃.၇၈ ဧကကို ၂၀၁၅ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှာ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါတယ်။

မယ်စဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခိုင်ဝင်းဖော်ပြထားတဲ့ မယ်စဲ့မြို့နယ်ဧရိယာ ကနဦးဧက ၆၆၀ ဆိုသည်မှာ ၂၀၁၃ ခုနှစ် မတ်လအတွင်းက အဖွဲ့အစည်းအသီးသီး ပါဝင်ခဲ့တဲ့ ကောက်ယူခဲ့တဲ့စာရင်းများအရ မယ်စဲ့မြို့နယ်ဟာ ဧရိယာ ၂၁၀ ဧကသာ ရှိတဲ့အတွက် စွန့်လွှတ်ပေးပြီးလည်း ဖြစ်ပါတယ်။ ကယားပြည်နယ်အစိုးရအဖွဲ့မှ မယ်စဲ့မြို့ပြဖွံ့ဖြိုးရေးဇုန်အဖြစ် ထပ်မံတိုးချဲ့ရန် လျာထားသတ်မှတ်ထားတဲ့ မြေဧရိယာ ၃၉၀ ဧကရှိပြီး အရှေ့သံလွင်(၂) ကြိုးပြင်

ကာကွယ်တောအတွင်း ကျရောက်လျက်ရှိပါတယ်။ ကယားပြည်နယ်အစိုးရအဖွဲ့အနေနဲ့ မြို့ပြဖွံ့ဖြိုးရေး ဇုန်အဖြစ် ထပ်မံတိုးချဲ့လိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး မြို့ပြအိမ်ရာဖွံ့ဖြိုးရေးနှင့် မြို့ပြစီမံခန့်ခွဲမှုစီမံကိန်းတို့ကို စနစ်တကျရေးဆွဲကာ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြအတည်ပြုချက်ရယူဖို့ လိုအပ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုပြီးပါက စီမံချက်ပါဧရိယာများနှင့် သစ်တောမြေမှာကျရောက်ခဲ့တဲ့ ဧရိယာများ ပါရှိခဲ့ရင် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပယ်ဖျက်ပေးသွားမှာ ဖြစ်ပါတယ်။ မယ်စဲ့ဒေသဟာ ယခင်က ငြိမ်းချမ်းမှုမရှိတဲ့ဒေသဖြစ်တဲ့အတွက် ကျေးရွာများမှာ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရာမှာ ယခုအခါ သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပြီး ကျေးရွာတည်နေရာများကို ခေတ်မီမြေတိုင်းကိရိယာများ စနစ်တကျတိုင်းတာပြီး မြေပုံနဲ့ စာရင်းဇယားများ စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်လျက်ရှိပါကြောင်းလည်း ဖြည့်စွက်ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကျောက်ဆည်မြို့နယ်၊ ကွင်းအမှတ်-၂၀၉ (က)(ခ)၊ ကွင်းအမှတ်-၂၁၂ (က)တို့မှ ရွှေသာလျောင်းတောင်ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းတည်ထောင်ရာတွင် မပါဝင်သော လယ်မြေများကို မူလဦးပိုင်ပေါက်တောင်သူ (၃၀) ဦးက စိုက်ပျိုးလုပ်ပိုင်ခွင့် ပြန်လည်ချထားပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်သန္တာ(တံတားဦးမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ အမှားပြင်ဆင်ပါရစေ။ ကွင်းအမှတ် ၂၀၉ (က)၊ (ခ)၊ ၂၁၀ (က)၊ (ခ)၊ ၂၁၂ (က) ယာမြေများလို့ ပြင်ဆင်မေးမြန်းပါရစေရှင်။ ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ဒီယာမြေတွေဟာ လွန်ခဲ့တဲ့နှစ် ၅၀ ကျော်က လယ်လုပ်သူလယ်ပိုင်ရမယ်ဆိုတဲ့ မူဝါဒရဲ့ မြေယာဝေခြမ်းရေးစနစ်အရ နိုင်ငံတော်အစိုးရကနေ အမှန်တကယ်စိုက်ပျိုးသူတောင်သူလယ်သမားတွေထံကို လက်ရောက်ပေးဝေခဲ့လို့ တရားဝင်လုပ်ပိုင်ခွင့်ရခဲ့တဲ့မြေတွေဖြစ်ကြောင်း သိရပါတယ်။ နှစ်စဉ်မြေခွန်များလည်း စည်းကြပ်ပေးဆောင်ခဲ့ကြကြောင်း အထောက်အထားအပြည့်အစုံနဲ့ တင်ပြထားတာကိုလည်းပဲ တွေ့ရပါတယ်။ အဲဒီလို တရားဝင်လုပ်ကိုင်ပိုင်ဆိုင်ခဲ့တဲ့ယာမြေတွေကို မြေသိမ်းမိန့်ကြေညာခြင်း၊ အကြောင်းကြားခြင်း၊ အသိပေးခြင်း၊ တွေ့ဆုံရှင်းပြခြင်း၊ လျော်ကြေး၊ နစ်နာကြေး တစ်စုံတရာပေးခြင်း လုံးဝမရှိပဲ သစ်တောကြေးတိုင်ပုံစံ-၁ နဲ့ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် နေ့စွဲပါ သစ်တောရေးရာ ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာအမှတ်(၆၇/၂၀၀၈)အရ ခန့်ထားသည့် ကြေးတိုင်အရာရှိက ထုတ်ပြန်ကြေညာချက်ဆိုပြီး

ရွှေသာလျောင်းကြိုးပြင်ကာကွယ်တော ဖွဲ့စည်းတည်ထောင်ကြောင်း ကြေညာခဲ့ပါတယ်။ ထုတ်ပြန်ကြေညာတဲ့ရက်စွဲတိတိကျကျမတွေ့ရဘဲ ၁၈-၆-၂၀၁၉ ခုနှစ်မှာ သက်ဆိုင်ရာဌာနတွေကို ဝင်စာရောက်ရှိခဲ့ကြောင်း သိရပါတယ်။ ကြေညာချက်ရဲ့နောက်ဆုံးစာပိုဒ် ၄ မှာ အထက်တွင် သတ်မှတ်ဖော်ပြထားသည့်မြေပေါ်တွင် သို့မဟုတ် သစ်တောထွက်ပစ္စည်းပေါ်တွင် စိတ်ဝင်စားသူများသည် ဆိုင်ရာဆိုင်ခွင့်ရရှိရေးအတွက် အရေးဆိုခြင်း သို့မဟုတ် တောင်ယာစိုက်ပျိုးလုပ်ကိုင်ခွင့်ရရန်အတွက် အရေးဆိုခြင်း စသည်တို့ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မတိုင်မီ စာဖြင့်သော် လည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း တင်သွင်းလျှောက်ထားရမယ်ဆိုပြီးတော့မှ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်း သစ်တောဦးစီးဌာနက လက်မှတ်ထိုး ထုတ်ပြန်ခဲ့ကြောင်း သိရပါတယ်။ ဒါပေမယ့် အဲဒီကြေညာချက်ကို အသိမ်းခံရတဲ့တောင်သူ ၃၀ ဦးလုံးကို အသိပေးခဲ့ခြင်း လုံးဝမရှိခဲ့ပါဘူး။

ပြည်ထောင်စုလွှတ်တော် လယ်ယာမြေစုံစမ်းရေးကော်မရှင် ပေါ်ပေါက်လာပြီး တိုင်ကြားရင်း၊ တင်ပြရင်းနဲ့မှ ၂၀၁၄ ခုနှစ် မတ်လထဲမှာ သူတို့နည်း သူတို့ဟန်နဲ့ ကြေညာချက်ကို အဲဒီကျမှ လက်ဝယ်ရရှိခဲ့တာ ဖြစ်ပါတယ်။ တစ်ခါ ဒီကြေညာချက်ရဲ့အပိုဒ် ၁ နယ်နိမိတ်တည်နေရာသတ်မှတ်တဲ့နေရာမှာ လည်းပဲ ယာခင်းများကို ချန်လပ်၍ သိမ်းဆည်းကြောင်းနဲ့ တောင်သူ ၃၀ ဦး လုပ်ကိုင်နေတဲ့ ၄၃.၁၁ ဧကရှိတဲ့ ယာမြေများဟာ သိမ်းဆည်းတဲ့အထဲမှာ မပါရှိဘူးဆိုတဲ့အကြောင်း သိရှိခဲ့ရပါတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ သိမ်းဆည်းခံရတာကိုလည်းမသိ၊ သိမ်းတဲ့အထဲမှာလည်းမပါဘဲ စိုက်ပျိုးခွင့်တွေ ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်းပဲ အင်မတန်နစ်နာတဲ့ လွဲမှားမှုတစ်ခုဖြစ်ပါတယ်။ အုပ်ချုပ်တဲ့အဖွဲ့အစည်းအဆင့်ရဲ့ ပေါ့လျော့မှုကြောင့်မို့လို့ တောင်သူတွေ ဆုံးရှုံးခဲ့ရမှုကို အခု အစိုးရသစ်လက်ထက်မှာ အမှန်တရားအတိုင်း ဖော်ထုတ်ပေးစေလိုပါတယ်။ စိမ်းလန်းစိုပြေရေးအတွက် ဘာအပင်တစ်ပင်မှ စိုက်ပျိုးထားတာမရှိသလို တောင်သူကိုလည်း စိုက်ပျိုးမခံတဲ့အတွက် တောင်သူဆုံးရှုံး၊ နိုင်ငံတော်နစ်နာ၊ စီမံခန့်ခွဲမှုညံ့ဖျင်းကြောင်းကိုပြနေတဲ့ ဒီမြေတွေကို မူလပိုင်ရှင်တောင်သူတွေကို ပြန်လည်လုပ်ပိုင်ခွင့်အစီအစဉ်နဲ့ပတ်သက်ပြီး သိရှိလိုတဲ့အတွက်ကြောင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန္တာ မေးမြန်းတဲ့မေးခွန်းအပေါ်မှာ ကျွန်တော် ပြန်လည်ဖြေရှင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန္တာ၏ မေးခွန်းမှ ကွင်းအမှတ် ၂၀၉ (က)၊ (ခ) ဧရိယာကတော့ မြေပြင်မှာ တကယ်တမ်းအားဖြင့် ရွှေသာလျောင်းကြိုးပြင်ကာကွယ်တော ဧရိယာနှင့် ရွှေသာလျောင်းတောင်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးရေးဇုန်အတွင်းမှာ ကျရောက်ခြင်းမရှိဘဲနှင့် မြင်စိုင်းတိုးချဲ့ကွက်သစ်ဧရိယာအတွင်းမှာ ကျရောက်ပါကြောင်း ဦးစွာဖြေကြားလိုပါတယ်။ ဒီ့အပြင် အဲဒီတိုင်စာပါ စာရင်းတွေမှာ လူ ၃၀ လက်မှတ်ရေးထိုးထားတဲ့ အသေးစိတ်စာရင်းမှာလည်း ၂၀၉ ဆိုတာမပါရှိပါဘူး။ ကျွန်တော့်မှာ စာအုပ်ပါပါတယ်။ တိုင်စာလည်း ပါပါတယ်။ ဒီ ကွင်းအမှတ် ၂၁၀၊ ၂၁၂ ဒီဥစ္စာနှင့်ပတ်သက်လို့ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားသလိုပဲ ကျွန်တော်တို့က ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းစဉ်မှာ ဒီဧရိယာတွေကို ထည့်သွင်းဖွဲ့စည်းတာမပါရှိသော်လည်း ဒီလုပ်ငန်းတွေဟာ အထူးစိမ်းလန်းစိုပြေရေးလုပ်ငန်းအဖြစ်နဲ့ ကျွန်တော်တို့ အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွေမှာ လိုအပ်တဲ့အတွက် ၁၉၉၈ ခုနှစ်ကနေစပြီးတော့မှ ဒီစိုက်ခင်းတွေ အဲဒီမှာ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်က ရွှေသာလျောင်းတောင် အထူးစိမ်းလန်းစိုပြေရေး နယ်မြေဆိုပြီးတော့ သတ်မှတ်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

မေးခွန်းနဲ့ပတ်သက်ပြီး တောင်သူ ၃၀ ဦး တင်ပြထားတဲ့မြေနေရာများဟာ လယ်ယာမြေနဲ့ အခြားမြေသိမ်းဆည်းခံရမှုကြောင့် ပြည်သူများအား နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ရဲ့ အစီရင်ခံစာအပိုင်း (၇) မူလအမှတ်စဉ် ၃၈ ပါ ကျောက်ဆည်မြို့နယ်၊ ပတ္တာကျေးရွာ ဦးကျော်ထွန်းနိုင် ပါ ၂၉ ဦးရဲ့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် ရက်နေ့စွဲပါတိုင်ကြားစာ၊ ဦးတင်အောင်စိုး ပါ ၃၀ ဦးရဲ့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ နေ့စွဲပါတိုင်ကြားစာ၊ ဒေါ်အုန်းတင်ပါ ၂၉ ဦးရဲ့ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်စွဲပါ တိုင်ကြားစာနှင့် ဦးစိုးဝင်းပါ ၃၀ ဦးရဲ့ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ပါ တိုင်ကြားစာများ မြေနေရာများ အတူတူပင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ တောင်သူ ၃၀ ဦးရဲ့ အသနားခံတင်ပြစာမှာပါဝင်တဲ့ ကွင်းအမှတ် ၂၁၀ (က)၊ (ခ)၊ ၂၁၂ မှာ ၁၉၉၈-၁၉၉၉ ခုနှစ်မတိုင်မီက တောင်သူများအနေနဲ့ မိုးနှမ်း၊ ပဲတီစိမ်း၊ နွားစား

ပြောင်းစိုက်ပျိုးကြပြီး မိုးနည်းသည့်နှစ်များမှာ လှပ်မြေအဖြစ်ထားရှိကြောင်း လွန်ခဲ့တဲ့ ၁၅ နှစ်ခန့် အထိသာစိုက်ပျိုးခဲ့ကြောင်း ပတ္တာကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ တင်ပြချက်အရ သိရှိရပါတယ်။ ၂၀၁၁-၂၀၁၂ နောက်ပိုင်းမှာ မြေစာရင်းဦးစီးဌာနမှ တင်ပြချက်အရ မြေခွန်စည်းကြပ်ခြင်း မရှိတော့ကြောင်း လည်းတွေ့ရှိရပါတယ်။ ၁၉၉၈ ခုနှစ်နောက်ပိုင်းမှာ ကွင်းအမှတ် ၂၁၀ (က)၊ (ခ)နှင့် ၂၁၂ အတွင်းမှာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနရဲ့ (၁/၉၈) တောင်တန်းစိမ်းလန်းစိုပြည်ရေး စိုက်ခင်း ၁၀၀ ဧက၊ (၂/၉၈) သုတေသနစိုက်ခင်း ၁၀ ဧက၊ (၅/၂၀၀၃) အခြားစိုက်ခင်း ၃၀၊ (၄/၂၀၀၆) တောင်တန်း စိမ်းလန်းစိုပြည်ရေးစိုက်ခင်း ၅ ဧက၊ (၂/၂၀၀၇) စိုက်ခင်း ၅ ဧက၊ (၁/၂၀၀၈) တောင်တန်းစိမ်းလန်း စိုပြည်ရေး ၂၅ ဧကနှင့် ၂၀၁၂-၂၀၁၃ တွင် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း အပင် ၁၀၀၀၊ ၂၀၁၃-၂၀၁၄ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း အပင် ၂၀၀၀၊ ပတ္တာအရှေ့ ကျေးရွာပိုင်စိုက်ခင်း တစ်ဧက၊ မြင်းစိုင်း အနောက်ကျေးရွာပိုင် စိုက်ခင်းတစ်ဧက ဒီဒေသတွေမှာ တည်ထောင်ထားရှိပါတယ်။ အဆိုပါစိုက်ခင်း များကို ရွှေသာလျှောင်းတောင် စိမ်းလန်းစိုပြေရေးအတွက် သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေးဦးစီးဌာနနဲ့ ဘုရားဂေါပကအဖွဲ့တို့မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုး ခဲ့တဲ့သစ်မျိုးများမှာ အပူပိုင်းဒေသတွင် ခံနိုင်ရည်ရှိတဲ့ စိမ်းလန်းစိုပြေမှုရှိတဲ့ တမာ၊ မြန်မာရှား၊ ယူကလစ်၊ ဆီနီဂေါရှားစတဲ့ အပင်များဖြစ်ပြီး ယခုအခါ အမြင့်ပေ ၂၅ ပေမှ ပေ ၃၀ အထိ ရှင်သန် လျက်ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ၂၃-၅-၂၀၁၅ ပြီးခဲ့တဲ့စနေနေ့က ကျွန်တော်ဒီကိစ္စနဲ့ ပတ်သက်လို့ အလေးထားပြီးတော့ သက်ဆိုင်ရာ တိုင်းညွှန်မှူး၊ ခရိုင်၊ မြို့နယ်မှတာဝန်ရှိသူတွေဟာ သက်ဆိုင်ရာကျောက်ဆည်ခရိုင်မှာ ကွင်းဆင်းပြီးတော့မှ သက်ဆိုင်ရာမြေစီအဖွဲ့တွေ၊ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွေ၊ ဒေသခံပြည်သူတွေနဲ့ပါ တွေ့ဆုံပြီး အဲဒီနေရာကို သွားရောက်စစ်ဆေး စေခဲ့ပါတယ်။ စစ်ဆေးတဲ့အခါမှာလည်း ခုနကစိုက်ပျိုးထားတဲ့သစ်ပင်တွေနဲ့ မြေပုံတွေ၊ ဓာတ်ပုံတွေ အားလုံးဟာ စနစ်တကျ ပြန်လည်ပြီးတော့မှ ကျွန်တော့်ကို အီးမေးလ်နဲ့ တင်ပြခဲ့ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့အပေါ်မှာ၊ ခုနက မယ်စဲ့၊ မယ်စဲ့နန် ကိစ္စတွေမှာတုန်းကလည်း ကျွန်တော်တို့ဟာ ဒေသခံပြည်သူတွေအတွက် ပြည်သူအတွက်လိုအပ်မယ် ဆိုရင် သစ်တောမြေတွေသည်ပင်လျှင် ကျွန်တော်တို့ အလေးထားပယ်ဖျက်ပေးနေပါတယ်။ ဒီလို အမှန်တကယ်သာ မစိုက်ပျိုးခဲ့တဲ့ သစ်တောသစ်ပင် မရှိတဲ့နေရာမှန်ရင် ကျွန်တော်တို့ စွန့်လွှတ်ပေးဖို့ အချိန်မရွေးဖြစ်ပါတယ်။ အထက်ပါနေရာများဟာ ရွှေသာလျှောင်းတောင်ရဲ့ တောင်ခြေဆင်ခြေလျှော တစ်လျှောက်မှာရှိပြီး ကျွန်တော်တို့ ဒေသအုပ်ချုပ်ရေးအဖွဲ့ အဆက်ဆက်ကနေ ရွှေသာလျှောင်းတောင်

အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ခဲ့တဲ့အတွက် သစ်တောထိန်းသိမ်းကာကွယ်ရေးအထူးဇုန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသဖြင့် ပြန်လည်ပေးအပ်ခြင်းအား မပြုနိုင်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ပြန်ကြားထားရှိပါတယ်။

သို့ဖြစ်ပါ၍ တောင်သူ ၃၀ ဦးတင်ပြထားတဲ့ မြေနေရာသည် ရွှေသာလျောင်းတောင် ကြိုးပြင်ကာကွယ်တောအတွင်း မကျရောက်သော်လည်း ရွှေသာလျောင်းတောင်ရဲ့ တောင်ခြေဆင်ခြေလျှော တစ်လျှောက် ကျောက်စရစ်မြေသားနေရာများဖြစ်ခြင်း၊ လွန်ခဲ့သော ၁၅ နှစ်ကတည်းက တောင်သူများ သီးနှံဆက်လက်စိုက်ပျိုးခြင်းမရှိသောမြေနေရာများဖြစ်ခြင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် နောက်ပိုင်းတွင်လည်း မြေခွန်စည်းကြပ်မှုမရှိတော့ခြင်း၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများရဲ့ ပူးပေါင်းဆောင်ရွက်မှုနှင့် ရွှေသာလျောင်းတောင် အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိခြင်း၊ စိမ်းလန်းစိုပြည်ရေးသစ်တောစိုက်ခင်းများနဲ့ သစ်တောသစ်ပင်များ ထူထပ်စွာပေါက်ရောက်လျက်ရှိခြင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သစ်တောထိန်းသိမ်းကာကွယ်ရေးအထူးဇုန်အဖြစ် သတ်မှတ်ပြီး ရွှေသာလျောင်းတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် သက်ဆိုင်ရာ ဒေသခံပြည်သူများတောင်းဆိုထားတဲ့ စိုက်ပျိုးလုပ်ကိုင်ခွင့် ပြန်လည်နေရာချထားပေးရန် အစီအစဉ်ဟာ မဖြစ်နိုင်ပါကြောင်း ကျွန်တော် ပြန်လည်တင်ပြလိုပါတယ်။

ဆက်စပ်ပြီး တင်ပြရမယ်ဆိုရင် ကျောက်ဆည်မြို့နယ်၊ ဘော်တောင်ဒေသကွင်းအမှတ် (၁၂၇/ဃ/င/စ တိုးချဲ့(ဝါ)မဲကွင်း)မှာ ပါဝင်တဲ့နှစ်ပေါင်း ၃၀ ကျော် ကိုယ်တိုင်ခါးမဦးချခုတ်ထွင်ရှင်းလင်းခဲ့တဲ့မြေယာများအတွက် လယ်ယာမြေမှတ်ပုံတင်ခွင့်ရရှိရေး၊ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ရေး အသနားခံတင်ပြလာခြင်းနှင့်ပတ်သက်လို့လည်း ရဒါန်းချောင်းဆုံ(မြောက်) ကြိုးဝိုင်းအတွင်းကျရောက်တဲ့ယာမြေ ၂၇၈၅.၅ ဧကကို သက်ဆိုင်ရာ ဒေသခံပြည်သူများအတွက် သီးနှံသစ်တောရောနှောသစ်တောစိုက်ခင်း ဆက်လက်ထူထောင်ခွင့်ကိုလည်း ခွင့်ပြုထားပြီးဖြစ်ပါတယ်။ တစ်နည်းပြောရရင်တော့ ကျွန်တော်တို့အနေနဲ့ အခုနက ချိန်ဆတဲ့အခါမှာ အပူပိုင်းဒေသစိမ်းလန်းစိုပြေရေး၊ တကယ်တမ်းပတ်ဝန်းကျင်အခြေအနေလိုအပ်ချက်၊ တောင်စဉ်တောင်တန်းတွေရဲ့ စိမ်းလန်းစိုပြေရေး၊ ရာသီဥတုညီညွတ်မျှတရေး ဒီအပေါ်မှာ အလေးထားဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် သစ်တောသစ်ပင်များလည်း အခုနက တင်ပြခဲ့သလို ပေါက်ရောက်လျက်ရှိတဲ့အတွက်ကြောင့် ဒီလို ခွင့်မပြုနိုင်ခြင်းကို တင်ပြရခြင်းဖြစ်ပါတယ်။ အကယ်၍ နစ်နာခဲ့တယ်ဆိုပါရင်လည်း မြေယာ

လျော်ကြေးရရှိရေးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ပေးသွားနိုင်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အရင်တစ်ခါလည်းပဲ ဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးဌာနကို ကျေးဇူးတင်ပါတယ်။ အရင်တစ်ခါလည်း ဒေါ်တင်နွယ်ဦးနဲ့လည်း တစ်ခါ ကျွန်တော် ပြောဖူးပါတယ်။ အခုလည်းပဲ ကျွန်တော့်အနေနဲ့ ဒေါ်ခင်သန္တာကိုတော့ စကားလေးတစ်ခွန်း မေတ္တာရပ်ခံချင်ပါတယ်။ အဲဒါကတော့ မေးတဲ့မေးခွန်းမှာ ကိုယ်လိုချင်တာလေးတွေ မေးပေးတာ ကောင်းပါတယ်ခင်ဗျာ။ သို့သော်လည်းပဲ ခုနကပြောတော့ အချို့မေးခွန်းထဲမှာ အုပ်ချုပ်သူရဲ့ ညှံ့ဖျင်းမှု၊ ညှံ့ဖျင်းမှုဆိုတဲ့ဟာလေးတွေပြောတာ ညှံ့ဖျင်းတာမှန်နေရင်တောင်မှလည်း ပြောရတာကြီးက အားနာစရာလည်း ကောင်းပါတယ်။ ဒါကြောင့်မို့လို့ မေးခွန်းမေးမြန်းတဲ့အခါမှာ အဲဒါလေးတွေ နည်းနည်းလေး သူများကို နှိမ့်ပြီးတော့ မေးတာမျိုးလေးတွေတော့ နည်းနည်းလေးလျှော့ပေးဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

**ယင်းမာပင်မြို့နယ်၊ လက်ဝဲမြောင်းမကြီးဖောက်လုပ်ရာတွင် ပါဝင်ခဲ့သော လယ်ယာမြေများအတွက် သက်ဆိုင်ရာတောင်သူများအားထိုက်သင့်သော နစ်နာကြေးများထုတ်ပေးရန်နှင့် မြောင်းမကြီးတွင် လက်တံခွဲ၊ လက်တံသွယ်နှင့် ရေယူမြောင်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးရန်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောက်ယမားဆည်၏ ယင်းမာပင်မြို့နယ်၊ လက်ဝဲမြောင်းနဲ့ပတ်သက်ပြီး မေးခွန်းမေးမြန်းတင်သွင်းသွားမှာဖြစ်ပါတယ်။ မြောက်ယမားဆည်ကနေပြီးတော့ ယင်းမာပင်မြို့နယ်နဲ့ ပုလဲမြို့နယ်တို့ တိုးချဲ့မြောင်းမကြီးများ ဖောက်လုပ်ခဲ့ပါတယ်။ ယင်းမာပင်မြို့နယ်မှာ လက်ဝဲမြောင်းဖြစ်ပြီးတော့ ပုလဲမြို့နယ်မှာလက်ယာမြောင်းဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ယင်းမာပင်မြို့နယ်ရဲ့ လက်ဝဲမြောင်း ဖောက်လုပ်ရာမှာပါဝင်သွားတဲ့ နစ်နာမှုရှိတဲ့ လယ်ယာမြေများအတွက် တောင်သူများက လက်ယာမြောင်းမှာရသကဲ့သို့ လက်ယာမြောင်းအတွက် ၂၀၁၅-၂၀၁၆ မှာထိုက်သင့်တဲ့ နစ်နာကြေးပေးလျော်ရန်လျာထားထားကြောင်းလည်း သိရှိရပါတယ်။ အဲဒီအပေါ်မှာလက်ဝဲမြောင်းဖြစ်တဲ့ ကျွန်တော်တို့

မြို့နယ်က တောင်သူများလည်းပါဝင်သွားတဲ့ လယ်ယာမြေများအတွက် နစ်နာကြေးများရရှိလိုကြောင်း ဆွေးနွေးတင်ပြလာပါတယ်။ ဒီအချက်အတွက် နံပါတ်(၁) မေးခွန်းမေးမှာဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ကျွန်တော်တို့မြို့နယ်မှာ ဒီလက်ဝဲမြောင်းမကြီးဖောက်တဲ့အခါမှာ တောင်သူများဟာ အင်မတန်မှ လိုလားစွာနဲ့ ကြိုဆိုလက်ခံခဲ့ကြပါတယ်။ လက်ယာမြောင်းကတော့ အနည်းငယ်အဖုအထစ် ကန့်ကွက်ချက်များရှိခဲ့တဲ့အတွက် ရပ်တန့်ခဲ့ရတာရှိပါတယ်။ အဲဒီလို ဖောက်လုပ်တဲ့အခါမှာ ကျွန်တော်တို့မြို့နယ် မြောင်းမကြီးပြီးစီးသွားတာဟာ နှစ်နှစ်ကျော်ကြာပါပြီ။ မြောင်းမကြီးသာပြီးတယ်။ အမှန်တကယ်ရေသောက်နိုင်ဖို့အတွက် လက်တံခွဲ၊ လက်တံသွယ်၊ ရေယူမြောင်းတွေ ယနေ့အထိဆောင်ရွက်ခြင်းမရှိပါဘူး။ လာမယ့်ဘတ်ဂျက် ၂၀၁၅-၂၀၁၆ မှာလည်းထည့်သွင်းလျာထားတာလည်းမတွေ့ရပါ။ ဒါကြောင့်မို့လို့ အဲဒီကိစ္စမှာလည်းပဲ ကျွန်တော်တို့ တောင်သူများရဲ့ သို့လောသို့လောတွေးခေါ်နေတဲ့အချက်ပေါ်မှာ ရှင်းလင်းသွားအောင် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းကို မေးမြန်းလိုပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောက်ယမားဆည်ရဲ့ ယင်းမာပင်မြို့နယ် လက်ဝဲမြောင်းမကြီးဖောက်လုပ်ရာတွင် ပါဝင်နစ်နာမှုရှိခဲ့သော လယ်ယာမြေများအတွက် သက်ဆိုင်ရာဌာနမှ တောင်သူများအားထိုက်သင့်သော နစ်နာကြေးများကို လက်ယာမြောင်းနည်းတူ မည်သည့်ကာလတွင် ထုတ်ပေးသွားရန် စီစဉ်ဆောင်ရွက်ထားရှိပြီး မြောင်းမကြီးပြီးစီးနေသည်မှာ နှစ်နှစ်ခန့်ကြာပြီဖြစ်သော်လည်း လယ်ယာမြေများ အမှန်တကယ် ရေသွင်းစိုက်ပျိုးခြင်းဆောင်ရွက်နိုင်ရန်အတွက် လက်တံခွဲ၊ လက်တံသွယ်နှင့် ရေယူမြောင်းများကို ၂၀၁၅-၂၀၁၆ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊မရှိပါကမည်သည့်ကာလတွင် အပြီးဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းဟန်ရဲ့ မြောက်ယမားဆည်ကြီးယင်းမာပင်မြို့နယ်၊ လက်ဝဲမြောင်းမကြီးနဲ့ ပတ်သက်တဲ့မေးမြန်းချက်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော်မှ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင် မြို့နယ်နဲ့ ပုလဲမြို့နယ်အတွင်းရှိ လယ်ယာမြေများစိုက်ပျိုးရေရရှိရေးအတွက် မြောက်ယမား ရေလှောင် တမံကို ၁၉၉၇-၁၉၉၈ ခုနှစ်ကတွင်လည်းကောင်း မြောက်ယမားရေကူရေးလှောင်တမံကို ၂၀၀၇- ၂၀၀၈ ခုနှစ်တွင်လည်းကောင်း တည်ဆောက်ပြီးစီးခဲ့ပြီး မြောက်ယမားလက်ဝဲမြောင်းမကြီးတူးဖော် ခြင်းလုပ်ငန်းအား နှစ်စဉ်ခွဲဝေရရှိသောရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ခုနှစ် ကုန်အထိ မြောင်းမကြီးအလျား ၁၃.၂၅ မိုင်အနက် ၁၁.၇၅ မိုင်၊ လက်တံမြောင်းအလျား ၄၃.၅၃ မိုင် အနက် ၂၁.၇၈ မိုင်နှင့် တူးမြောင်းအဆောက်အအုံ ၄၆၆ ခုအနက် ၂၂၃ ခုကို ဆောင်ရွက်ပြီးစီးခဲ့ပါ တယ်။ လက်ဝဲဆည်ရေသောက်စနစ်ရဲ့ ၇၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။ မြောက်ယမား ဆည်လက်ဝဲမြောင်းမကြီး၏ ကျန်ရှိသောလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ လိုအပ်ချက်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံခဲ့သော်လည်း လုပ်ငန်းဦးစားပေး အလိုက် ရန်ပုံငွေစိစစ်လျှော့ချရာတွင် ပါဝင်သွားပါတယ်။

သို့ပါ၍ လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေထပ်မံတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း နဲ့လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းဖြေကြားအပ်ပါတယ်။ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်း ယခင်အစိုးရလက်ထက် တွင် ရေလှောင်တမံနှင့်ရေထိန်းတံခါးစီမံကိန်းများ၂၃၆ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီး ခဲ့ပါတယ်။ ယခင်အစိုးရကာလက တည်ဆောက်ဖွင့်လှစ်ပြီးစီးခဲ့ သောရေလှောင်တမံများ၏ ဆည်ရေ သောက်ဧရိယာအတွင်း ရေပေးမြောင်းများတူးဖော်ခြင်းကို အများပြည်သူအကျိုး၊ နိုင်ငံတော်အကျိုး အတွက် ထိုစဉ်ကတည်ရှိခဲ့သောဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနဲ့အညီ ဆောင်ရွက်ခဲ့

**မူကြမ်း**

ခြင်းဖြစ်ပါတယ်။ မြောက်ယမားဆည်၏ လက်ဝဲမြောင်းမကြီးနှင့်ဆက်စပ်သော ရေပေးမြောင်းများ တူးဖော်ခြင်းလုပ်ငန်းသည် လယ်ယာမြေဥပဒေနှင့်နည်းဥပဒေများစတင်ပြဋ္ဌာန်းခဲ့သော ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမတိုင်မီ အချိန်ကဆောင်ရွက်ခဲ့ပြီးထိုစဉ်ကတည်ရှိခဲ့သောဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် လွှတ်တော် ကိုယ်စားလှယ်တော်ကြီးမေးမြန်းသည့် အဆိုပါတူးမြောင်းဖောက်လုပ်ရာတွင်ပါဝင်သည့် နစ်နာမှုရှိ ခဲ့သော လယ်ယာမြေများအတွက် နစ်နာကြေးပေးအပ်နိုင်ရန် နိုင်ငံတော်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြ တောင်းခံထားခြင်းမရှိပါကြောင်းနှင့် နစ်နာကြေးပေးအပ်ရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒုတိယဝန်ကြီးဖြေကြားသွားတာက ၂၀၁၂ ခုနှစ် အရှေ့ပိုင်းကဖောက်လုပ်ထားတဲ့ မြောင်းဖြစ်တဲ့ အတွက် ဒီနစ်နာကြေးပေးအပ်နိုင်ခြင်းမရှိကြောင်းသိရှိရပါတယ်။ အကယ်၍ ရှေ့ဆက်ပြီးတော့ ကျွန်တော်တို့ မြောင်းကမပြီးသေးဘူးလို့ပါပါတယ်။ ၇၀ ရာခိုင်နှုန်းပဲ ပြီးသေးတယ်လို့ပါပါတယ်။ အဲဒီတော့ ရှေ့ဆက်ပြီးလက်တံခွဲ၊ လက်တံသွယ်တွေဖောက်ရင်ရော ကျွန်တော်တို့မြို့နယ်က တောင်သူ တွေကိုထိုက်သင့်တဲ့နစ်နာကြေးကို ဝန်ကြီးဌာနမှပေးအပ်ရန် အစီအစဉ်ရှိ/မရှိ နံပါတ်(၁)အချက် သိလိုပါတယ်။ နံပါတ်(၂)အချက်က ကျွန်တော်တို့ ဒီမြောင်းဟာ ငွေချထားပေးခြင်းမရှိတာ နှစ်နှစ် လောက်ရှိပါပြီ။ အဲ့ဒါကလည်းဌာနနဲ့ မြောင်းကိုတူးဖော်တဲ့ ကုမ္ပဏီများငွေရေးကြေးရေးပြဿနာရှိ တယ်လို့ ကောလဟလအနေနဲ့ ကြားသိနေရပါတယ်။ အဲဒါကောမှန်/မမှန်လည်း သိလိုပါတယ်။ အကယ်၍ မဟုတ်ဘူးဆိုရင်လည်းပဲ ကျွန်တော်တို့ အကူဆည်ရော၊ မြောက်ယမားဆည်ရော ဆည်နှစ်ခုကပေးမယ့်ရေကလုံလောက်နေတယ်။ တောင်သူတွေကလည်း လိုလိုလားလားကြိုဆိုတယ်။ ကန့်ကွက်ခြင်းမရှိဘူး။ ကျွန်တော့်အနေနဲ့တောင်မှ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်နှစ်အတွင်းဆောင်ရွက်ဖို့ သင့်လျော်တဲ့ ဆည်မြောင်းလုပ်ငန်းတစ်ခုအနေနဲ့ ဆည်မြောင်းလုပ်ငန်းခြောက်ခုနဲ့ ပူးတွဲပြီးတင်ပြတဲ့ အခါမှာလည်း ကျွန်တော့်မြို့နယ်က ဒီမြောင်းလေးအတွက် နောက်ဆက်တွဲမှာ ထည့်သွင်းလျာထား ခြင်းမရှိပါဘူး။ အဲဒီအပေါ်မှာ ဒီလိုနှစ်ကာလအခြေအနေပေးနေတဲ့ မြောင်းတစ်မြောင်း၊ စိုက်ပျိုးရေ လွယ်လွယ်နဲ့ရရှိနိုင်တဲ့ ဒေသတစ်ခုရဲ့လုပ်ငန်းကို နှစ်ကာလရှည်ကြာစွာလျစ်လျူရှုသလို ထားရှိခဲ့ ခြင်းဟာ ဒီနယ်မြေမှာ ကျွန်တော်တို့မလိုလားအပ်တဲ့ ရိုက်ခတ်မှုများ၊ မလိုလားအပ်တဲ့ နိုင်ငံတော်

**မူကြမ်း**

အတွက်မတည်ငြိမ်မှုများရှိနိုင်တယ်ဆိုတာကိုရော ဌာနအနေနဲ့ သုံးသပ်ထားရှိမှုရှိပါသလား။ ရှိတယ်ဆိုရင် ကျွန်တော်တို့တောင်သူများကအမြင်ရှင်းသွားအောင်လို့ သက်ဆိုင်ရာကျေးရွာများကို ဆက်လက်ဆောင်ရွက်မယ့်အကြောင်း၊ နောက်ပိုင်းလုပ်မယ့် ဆည်မြောင်းလုပ်ငန်းတွေမှာ ထိုက်သင့်တဲ့နစ်နာကြေးတွေပေးအပ်သွားမယ်ဆိုတဲ့အကြောင်းကို ကျောသားရင်သား မခွဲခြားဘူးဆိုတဲ့အကြောင်းကို သက်ဆိုင်ရာဌာနကနေပြီးတော့ ကျေးရွာများကို ကွင်းဆင်းရှင်းလင်းတင်ပြနိုင်ရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းမေးတာထပ်ဆင့်မေးခွန်း၊ ဆက်စပ်မေးခွန်းမေးတာက ပထမမေးခွန်းကဲ့သို့ပဲ (၃)မိနစ်လောက်ကြာတယ်။ တကယ်တမ်းကတော့ ဆက်စပ်မေးခွန်းဆိုရင်လည်း မြန်မြန်လေး၊ တိုတိုတုတ်တုတ်မေးဖို့သင့်ပါတယ်။ ဇာတ်လမ်းရှည်နေတဲ့အတွက် အချိန်တွေလည်း အများကြီးနစ်နာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကဖြေကြားနိုင်ရင် ဖြေကြားပေးပါ။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဦးသောင်းဟန်ရဲ့ ထပ်ဆင့်မေးမြန်းချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်းတင်ပြပါ့မယ်ခင်ဗျား။ ကျွန်တော်တို့ ဒီမြောက်ယမား လက်ဝဲမြောင်းနှင့်ပတ်သက်ပြီးတော့ ကျန်တဲ့အပိုင်းကို ဆက်လက်ဆောင်ရွက်မယ့်အပိုင်းမှာတော့ ဒီသက်ဆိုင်ရာက ဆောင်ရွက်မယ့်လက်တံမြောင်းများ၊ ဒီအဆောက်အအုံများ တည်ဆောက်ဖို့အတွက်နှင့်ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်မှုအပိုင်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့ ကွင်းဆင်းပြီးတော့စိစစ်ပါတယ်။ ဒီလိုစိစစ်ပြီးတော့မှ အဲဒီမှာ တောင်သူလယ်သမားများရဲ့ဆန္ဒကိုရယူပြီးတော့ အကယ်၍များနစ်နာကြေးတင်ပြတောင်းဆိုမှုရှိရင်လည်း ကျွန်တော်တို့ ဒါကိုစိစစ်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကိုတင်ပြပြီး ပြည်ထောင်စုအစိုးရရဲ့ ဆုံးဖြတ်ချက်အတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမယ်လို့ ကျွန်တော် ဖြေကြားအပ်ပါတယ်။

ဒီလက်ဝဲမြောင်းကို ကျွန်တော်တို့ ရပ်ထားတာနဲ့ပတ်သက်ပြီးတော့ ရန်ပုံငွေအခက်အခဲကြောင့်ရပ်ထားတာကလွဲရင် ဒီ့ပြင်ကိစ္စကြောင့် ရပ်ထားမှုမရှိကြောင်းကိုလည်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျန်တဲ့ကာလဆိုတာက ၂၀၁၅-၂၀၁၆ မှာရန်ပုံငွေမပါရှိတဲ့အတွက်ကြောင့် ၂၀၁၆-၂၀၁၇ ခုနှစ်မှစပြီး ကျွန်တော်တို့ ပြန်လည်ပြီးတော့ လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်ချက်ပေါ်မူတည်ပြီး

ရန်ပုံငွေတင်ပြတောင်းခံပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မိုင်းပြင်းမြို့၊ မူလတန်းကြိုစာသင်ကျောင်းတစ်ကျောင်းကို လူမှုဝန်ထမ်းဌာနပိုင် စာသင်ကျောင်းအဖြစ်သတ်မှတ်ပေးရန်၊ လက်ရှိဖွင့်နေသော ပြည်ထဲရေးဝန်ကြီးဌာနပိုင်မြေနေရာအား လူမှုဝန်ထမ်းဌာနပိုင်မြေနေရာအဖြစ်သတ်မှတ်ကာ လွှဲပြောင်းဖွင့်လှစ်ပေးရန်နှင့် ကျယ်ဝန်းသပ်ရပ်သည့် မြို့မြေတစ်နေရာကို အနာဂတ်ရင်သွေးများအတွက် အဆင့်မြင့်သော မူကြိုကျောင်းတစ်ကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပြင်းမဲဆန္ဒနယ်)**။ ။ ကြည်ညိုရိုသေလေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လေ့လာရေးရောက်ရှိနေကြတဲ့ လေ့လာရေးအဖွဲ့ဝင်များအားလုံး ကာယသုခစိတ္တသုခနှစ်ဖြာသောသုခအပေါင်းနှင့် ပြည့်စုံခညောင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ ပြည်သူ့ရဲ့အသံကိုနာခံပြီး အနာဂတ်ရင်သွေးငယ်ကလေးများရဲ့ ပြုစုပျိုးထောင်နိုင်တဲ့လုပ်ငန်းနဲ့ဆက်စပ်၍ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို မေးမြန်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပြင်းမြို့မှာ အနာဂတ်ရင်သွေးငယ်ကလေးများအတွက် မူလတန်းကြိုကျောင်း တစ်ကျောင်းရှိပါတယ်။ အဲဒီမူလတန်းကြိုကျောင်းမှာ ကျောင်းသူကျောင်းသား ၆၃ ဦးနဲ့ ဆရာဆရာမ ၄ ဦး ပညာသင်ကြားရေး၊ ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဧကအားဖြင့် ၀.၂၅ ဧကရှိပြီး ပြည်ထဲရေးဝန်ကြီးဌာနပိုင်မြေအတွင်းမှာကျရောက်ပြီးတော့ ကျဉ်းမြောင်းတဲ့အတွက် အနာဂတ်မူကြိုကလေးများရဲ့ သွားလာလှုပ်ရှားမှု၊ အားကစားလေ့ကျင့်မှု၊ ပြုစုပျိုးထောင်ဖို့အတွက် အခက်အခဲများစွာရှိနေပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မိုင်းပြင်းမြို့မှာ ကျယ်ဝန်းသပ်ရပ်ပြီးတော့မှ အနာဂတ်ရင်သွေးငယ်ကလေးများရဲ့ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို လူမှုဝန်ထမ်းဌာနပိုင်မြေအနေနဲ့ မြို့ကွက်မြေတစ်နေရာကိုယူပြီး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလို၍ မေးခွန်းမေးမြန်းတင်ပြရခြင်းပဲ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းပြင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် မေးမြန်းထားရှိမှုနဲ့ပတ်သက်ပြီး ပြည်ထဲရေးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ဖြေကြားထားရှိမှုများနဲ့ပေါင်းစပ်ပြီးတော့ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သုံးနှစ်မှငါးနှစ်အရွယ်ကလေးများအား ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာနည်းလမ်းများနှင့်အညီ စနစ်တကျပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် မူလတန်းကြိုကျောင်းများဖွင့်လှစ်ခြင်းနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား အသိအမှတ်ပြု၍ နည်းပညာပံ့ပိုးပေးခြင်း၊ မူကြိုဆရာမလစာငွေ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ မိုင်းပြင်းမြို့နယ်၊ အောက်ဈေးတန်းရပ်ကွက်၊ အကွက်အမှတ်(၁၃/ဝမ်ကောင်း)၊ ဦးပိုင်အမှတ်(၁၆)၊ မြေဧရိယာ(၀.၁၀၄)ဧကပေါ်မှာရှိ (၁)ထပ်၊ သွပ်မိုး၊ အုပ်ညှပ်၊ ပျဉ်ခင်း၊ အကျယ်အဝန်း ၄၉ ပေ၊ ၁၂ ပေ ရှိတဲ့ အဆောက်အဦဟာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မူလတန်းကြိုကျောင်း ဖွင့်လှစ်လျက်ရှိပါတယ်။ ၎င်းမြေသည် ယခင်က သမာဓိမြို့စားရုံး ဖွင့်လှစ်ခဲ့ပြီး ယခုအခါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် နှစ်(၃၀)ဂရန်မြေ ဖြစ်ပါတယ်။ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌမှ မြို့နယ်အတွက် ပညာရေး၊ ကျန်းမာရေးတိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ တတ်စွမ်းသရွေ့ကူညီဖြည့်ဆည်းပေးနေတဲ့အနေနဲ့ မြို့နယ်ရဲ့လိုအပ်ချက်အရ မူလတန်းကြိုကျောင်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်တဲ့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေနေရာနှင့် အဆောက်အဦကို အခမဲ့အသုံးပြု

ခွင့်ပေးထားခြင်းဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် ဝန်ထမ်းအင်အားအခြေအနေအရ ဝန်ထမ်းအိမ်ရာများတွင် လုံလောက်စွာနေထိုင်ရခြင်း မရှိဘဲ စုပေါင်းနေထိုင်ရခြင်း၊ ပြင်ပတွင် ငှားရမ်းနေထိုင်ရခြင်းများရှိတဲ့အတွက် မိုင်းပြင်းမြို့နယ်တွင် ပုဂ္ဂလိကမူကြိုကျောင်းများ ဖွံ့ဖြိုးလာနိုင်ခြင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ နေရာ ပြောင်းလဲဖွင့်လှစ်ခြင်း သို့မဟုတ် ဆက်လက်လုပ်ကိုင်ခြင်းမပြုတော့ပါက မူကြိုကျောင်းဖွင့်လှစ်နေတဲ့ မြေနေရာနှင့်အဆောက်အဦကို ဝန်ထမ်းများအိမ်ရာအဖြစ် အသုံးပြုရန်ရည်ရွယ်ထားတဲ့အတွက် မြေနေရာနှင့် အဆောက်အဦကို လွှဲပြောင်းပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လည်း မိုင်းပြင်းမြို့နယ်သည် တောင်ကုန်းတောင်တန်းများအကြားတွင် တည်ရှိပြီး မြို့မြေဧရိယာမြေရဲ့ ၇၄၂ ဧကအနက် လယ်ယာစိုက်ပျိုးမြေဟာ ၁၇၉ ဧကပါဝင်နေပြီး မြေလွတ်မြေလပ်များ မရှိပါသဖြင့် မူလတန်းကြိုကျောင်း ဖွင့်လှစ်နိုင်ရန်အတွက် မြေနေရာသတ်မှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြား အပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင်။ ရပ်ရွာအခြေပြုကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ ဆက်လက် ဖွင့်လှစ်ရန် အခက်အခဲဖြစ်ပါက အထောက်အထားအချက်အလက်များနှင့် မြေပိုင်ဆိုင်မှုအား လူမှု ဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးနိုင်ပါတယ်။ မိုင်းပြင်းမြို့ မူလတန်းကြိုကျောင်းကို ၁၉၈၇ ခုနှစ် တွင် လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြုခဲ့ပြီး ၁၉၉၀ ခုနှစ်မှစပြီး ထောက်ပံ့ကြေးများပေးလျက် ရှိပါတယ်။ မူလတန်းကြိုကျောင်းအတွက် ကျယ်ဝန်းသပ်ရပ်တဲ့ မြို့မြေတစ်နေရာကို သက်ဆိုင်ရာက သတ်မှတ်ပေးနိုင်ပါက လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ မူလတန်းကြိုကျောင်း ဆောက်လုပ်ဖွင့်လှစ် နိုင်ရေး ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်ရှင်။

**နိုင်ငံခြားသားခရီးသည်များ ငွေလဲလှယ်ရေးအတွက် ရုံးပိတ်ရက်ရှည်များတွင် ဘဏ်များနှင့် Money Changer များကို ဗဟိုဘဏ်မှ ကွပ်ကဲ၍ အဓိကကျသော မြို့နယ်တိုင်း၍ အလှည့်ကျဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ ကြွရောက်လာသူအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကိုမေးမြန်းရခြင်းရဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေများစွာရနိုင်တဲ့လုပ်ငန်းဖြစ်တဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးတဲ့မေးခွန်းဟာ ဝန်ဆောင်မှုများစွာထဲက ကောင်းမွန်စွာဝန်ဆောင်မှုပေးရမယ့် လုပ်ငန်းတစ်ခုဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံခြားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံကို မြောက်များစွာလာခြင်းဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများဖြစ်ကြတဲ့ လက်မှုပညာရှင်များ၊ အမှတ်တရအရောင်းဆိုင်များ၊ ခရီးသွားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ခရီးသွားအကျိုးဆောင်လုပ်ငန်းများစတဲ့ ပြည်သူတွေရဲ့ဘဝဟာ တိုးတက်အဆင်ပြေလာမှာ ဖြစ်ပြီးတော့ တိုင်းပြည်ရဲ့ဝင်ငွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မြန်မာနိုင်ငံသည်လေ့လာလည်ပတ်ရန် အကောင်းဆုံးစာရင်းတွင်ပါဝင်လာပြီး ကမ္ဘာလှည့်ခရီးသည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုဝင်ရောက်လာသည်ကို တွေ့ရပါသည်။ အထူးသဖြင့် မြန်မာလူမျိုးတို့၏ သင်္ကြန်တွင်းကာလတွင် မြန်မာတို့နှင့်အတူ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲလိုသဖြင့် လာရောက်လေ့လာလည်ပတ်သူ နိုင်ငံခြားသားများစွာရှိကြောင်းသိရပါသည်။ သို့ရာတွင် နိုင်ငံခြားသားခရီးသည်များ ငွေလဲလှယ်ရေးအတွက် ရုံးပိတ်ရက်ရှည်သဖြင့် အခက်အခဲများစွာရှိကြောင်းသိရှိရပါသည်။ သို့ဖြစ်ပါ၍ ထိုရုံးပိတ်ရက်များတွင် ဘဏ်များနှင့် Money Changer များကို ဗဟိုဘဏ်မှကွပ်ကဲ၍ ခရီးသွားလုပ်ငန်းအတွက် အဓိကကျသောမြို့နယ်တိုင်း၌ အလှည့်ကျဖွင့်လှစ်စေပါလျှင် နိုင်ငံခြားသားခရီးသည်များနှင့် ပြည်တွင်းနေပြည်သူများ ငွေလည်ပတ်မှုအဆင်ပြေနိုင်မည်ဖြစ်ပါ၍ ထိုသို့အစီအစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါကြောင်း ရိုသေလေးစားစွာ မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဆက်အောင်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမဦးဆုံးအနေနဲ့ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ် မေးမြန်းတဲ့မေးခွန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့ ဖြေကြားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့ ကျွန်တော်တို့ နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများဖြစ်တဲ့ Money Changer Counter တွေဖွင့်နိုင်ဖို့လို့အတွက် လိုင်စင်ကို ဘဏ် ၂၁ ခုနဲ့ ဘဏ်မဟုတ်တဲ့ ကုမ္ပဏီ ၁၇၅ ခုကို လိုင်စင်ချ ထားပေးပြီးဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီဘဏ်တစ်ခုချင်းစီကနေပြီးတော့ ဘဏ်မဟုတ်တဲ့ကုမ္ပဏီ တစ်ခုချင်းစီကနေပြီးတော့ Money Changer Counter တွေကို မြန်မာနိုင်ငံနေရာအနှံ့အပြားမှာ ဖွင့်လှစ်၍ ဆောင်ရွက်နေကြပါတယ်။ ၂၀၁၅ ခုနှစ် သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလမှာ ဒီဘဏ်ကြီးများ ဖြစ်တဲ့ KBZ ဘဏ်၊ CB ဘဏ်၊ ဧရာဝတီဘဏ်၊ မြဝတီဘဏ် စတဲ့ ဘဏ်တွေကနေပြီးတော့ နိုင်ငံခြားခရီးသွားတွေအတွက် အဓိက အချက်အချာကျတဲ့နေရာတွေဖြစ်တဲ့ ရန်ကုန်လေဆိပ်၊ မန္တလေးလေဆိပ်၊ ဟဲဟိုးလေဆိပ်၊ နောက်ပြီးတော့ ရွှေတိဂုံဘုရား၊ ဗိုလ်ချုပ်ဈေး၊ ဒဂုံစင်တာ စတဲ့ ရှော့ပင်းစင်တာကြီးတွေမှာ ငွေလဲကောင်တာများဖွင့်လှစ်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ နိုင်ငံခြားခရီးသွားတွေတော်တော်များများက ကျွန်တော်တို့မြန်မာနိုင်ငံကိုလာတဲ့အခါမှာ၊ ဒါမှမဟုတ် တခြားနိုင်ငံတွေကိုသွားတဲ့အခါမှာ ဒီငွေကြေး (Cash) ကို များများစားစား ကိုင်ဆောင်လေ့မရှိပါဘူး။ လွန်ခဲ့တဲ့ နှစ် ၂၀ ပတ်ဝန်းကျင်ကတော့ ကျွန်တော်တို့ ငွေကြေး (Cash) ကို မကိုင်ဘဲနဲ့ TC လို့ခေါ်တဲ့ Traveler Cheque တွေကို ယူဆောင်ပြီးတော့ ရောက်တဲ့နိုင်ငံတွေမှာ Traveler Cheque ကို Cash နဲ့ပြန်ပြီးတော့ လဲပြီးတော့ အသုံးပြုခဲ့ကြပါတယ်။ နောက်ပိုင်းကျတော့ International Credit Card တွေ၊ Visa Card တွေ၊ Master Card တွေ ပေါ်လာတဲ့အချိန်မှာ ဒီ International Credit Card တွေကို သယ်ဆောင်ပြီးတော့ပဲသုံးကြတာ များပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာလည်း ဒီ International Credit Card တွေဖြစ်တဲ့ Visa Card၊ Master Card တွေကို အကုန်လုံးသုံးလို့ရနေပါပြီ။ သို့သော်ငြားလည်း မြန်မာနိုင်ငံမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဒီ International Credit

Card တွေသုံးဖို့လို့က အဆင်မပြေသေးတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံကိုလာရောက်တဲ့ ကမ္ဘာလှည့်ခရီးသွားတွေက ဒီတခြားနိုင်ငံများကို သွားတဲ့ပုံစံမျိုးမဟုတ်ဘဲနဲ့ Cash ကို အနည်းငယ် ပိုမိုပြီးတော့ သယ်ဆောင်လာကြတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒီချိန်မှာ ကမ္ဘာလှည့်ခရီးသွားတွေ အဆင်ပြေဖို့ အတွက် အဓိက အရေးကြီးအချက် သုံးချက်ရှိပါတယ်ခင်ဗျာ။ ပထမအချက်ကတော့ ဒီတခြားနိုင်ငံများ လိုပဲ International Credit Card တွေဖြစ်တဲ့ Visa Card၊ Master Card ကို Cash မသုံးတော့ဘဲနဲ့ ဒီ Card ထဲကနေ တိုက်ရိုက်ငွေပေးချေနိုင်မည့်စနစ်ရှိဖို့က အရေးကြီးပါတယ်။ တကယ်လို့သာ အဲဒီစနစ်သာ ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုလို့ရှိရင် သကြ်န်ရုံးပိတ် ရက်ရှည်မှာ Money Changer အရေအတွက်နည်းခြင်း၊ ဒါမှမဟုတ်ရင် Money Changer များမရှိခြင်းစတဲ့ ပြဿနာများလည်း ဖြစ်လာမှာမဟုတ်တော့ပါဘူး။ မြန်မာနိုင်ငံမှာလည်းအခုလက်ရှိမှာ International Visa Card၊ Master Card တွေနဲ့တိုက်ရိုက်ငွေပေးချေမှုတွေ ဖြစ်နေပါပြီ။ ကျွန်တော်တို့ မြို့ကြီးတွေမှာ ဖြစ်တဲ့ အဓိကအချက်အချာကျတဲ့ နိုင်ငံခြားသားတွေ အသွားများတဲ့နေရာဖြစ်တဲ့ စားသောက်ဆိုင်ကြီးတွေမှာ International Visa Card၊ Master Card တွေနဲ့တိုက်ရိုက် ငွေပေးချေမှုတွေ လုပ်နိုင်နေပြီဖြစ်ပါတယ်။ သို့သော်ငြားလည်း မြန်မာတစ်နိုင်ငံလုံးအားဖြင့် ကျယ်ကျယ်ပြန့်ပြန့်မလုပ်နိုင်သေးတာကို တွေ့ရှိရပါတယ်။ ဒုတိယအချက်အရေးကြီးတာကတော့ ဒီ International Credit Card တွေကို ငွေပြန်ဖော်တာ၊ Cash ပြန်ဖော်တဲ့စနစ်ကလည်း အရေးကြီးပါတယ်။ မြန်မာနိုင်ငံမှာလည်း အဓိက ကုမ္ပဏီကြီးတွေဖြစ်တဲ့ KBZ ဘဏ်၊ CB ဘဏ်၊ ဧရာဝတီဘဏ် စတဲ့ဘဏ်တွေရဲ့ ATM Machine တွေမှာလည်း ဒီ International Visa Card၊ Master Card တွေနဲ့ တိုက်ရိုက်မြန်မာငွေထုတ်ယူနိုင်တဲ့စနစ်တွေ ဖွံ့ဖြိုးနေပြီဖြစ်ပါတယ်။ ဒါပေမယ့် ပထမအချက်လိုပဲ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဒီ ATM Network တွေက ကျယ်ကျယ်ပြန့်ပြန့် မရှိနိုင်သေးတာလည်း တွေ့ရှိရပါတယ်။ သို့သော်လည်း ဒီ ATM Network တွေကို မြို့ကြီးတွေဖြစ်တဲ့ ရန်ကုန်မြို့၊ မန္တလေးမြို့မှာ၊ ရှေးဟောင်းစင်တာတွေ၊ နိုင်ငံခြားသားတွေအမြဲတမ်းသွားနေတဲ့ အဓိကကျတဲ့နေရာတွေမှာ ATM Network တွေကိုပိုပြီးတော့ တိုးချဲ့လာကြတာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ တတိယအချက်အရေးကြီးတာကတော့ ပထမအချက်တစ်ချက်နဲ့ နှစ်ချက်မှာ ဖော်ပြထားတဲ့စနစ်တွေက ကျယ်ကျယ်ပြန့်ပြန့် မရှိသေးတဲ့အချိန်တွေမှာတော့ Money Changer တွေက ပိုမိုပြီးတော့ရှိဖို့လို့ အရေးကြီးပါတယ်ခင်ဗျား။ အဲဒါကြောင့်မို့လို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ သကြ်န်ရက်အတွင်း ရုံးပိတ်ရက်ရှည်တွေမှာ Money Changer Counterများ ဖွင့်လှစ်နိုင်ရေးအစီအစဥ်ကို Money Changer လိုင်စင်

ရရှိထားတဲ့ဘဏ်များနဲ့ ဘဏ်မဟုတ်တဲ့ကုမ္ပဏီများကို မေးမြန်းခဲ့တဲ့အခါမှာ ဒီဘဏ်ကြီးတွေဖြစ်တဲ့ ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ ဧရာဝတီဘဏ်များကနေပြီးတော့ သင်္ကြန်ရက်အတွင်း ရုံးပိတ်ရက်ရှည် မှာလည်း ၂၀၁၅ သင်္ကြန်ရက်အတွင်းကလိုပဲ ၂၀၁၆ ရုံးပိတ်ရက်တွေမှာလည်း ဒီအဓိကကျတဲ့နေရာ တွေမှာ Money Changer များ ဖွင့်လှစ်သွားမယ်ဆိုတဲ့အကြောင်းကို သိရှိရပါတယ်။ ဒ့ါအပြင် တချို့ ပုဂ္ဂလိကဘဏ်တွေကလည်း ကမ္ဘာလှည့်ခရီးသွားတွေ အချက်အချာကျတဲ့ နေရာတွေမှာ အလို အလျောက်နိုင်ငံခြားငွေလဲလှယ်ရေးစနစ်ဖြစ်တဲ့ Money Changer ATM များ၊ Foreign Exchange ATM များကိုလည်း တပ်ဆင်ထားရှိရန် စီစဉ်လျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့ သင်္ကြန်ကာလရက်ရှည်ရုံးပိတ်ရက်တွေမှာ Money Changer Counter တွေကိုအလှည့်ကျဖွင့်လှစ်နိုင်ဖို့ကို Money Changer လိုင်စင်ချ ထားတဲ့ဘဏ်တွေနဲ့ ဘဏ်မဟုတ်တဲ့ ကုမ္ပဏီတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းတဲ့ ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမ အကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ ၁၈-၅-၂၀၁၅ ရက်နေ့မှာ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၂၁-၅-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီး လည်းဖြစ်ပါတယ်။ သို့သော်လည်း ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်

တစ်ဦးမျှမရှိပါ။ ဒါကြောင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက် မရှိအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ ၁၈-၅-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိ ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၁-၅-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် အမျိုးသား လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၄၇)ရက်မြောက်နေ့ ၁၈-၅-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းပြုလုပ် ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက် များကို တိကျစွာရေးသားဖော်ပြ၍ ၂၁-၅-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်း ပေးသွင်းရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်

မရှိအတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၂)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၂)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့ (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**